# ကိုရီးယားနိုင်ငံတွင်း နေထိုင်လျှက်ရှိသော နိုင်ငံခြားသား(အသက် ၅နှစ်မှ ၁၁နှစ်) ကလေးသူငယ်များအတွက် ကိုရိုနာ ၁၉ ကာကွယ်ဆေး ထိုးနှံရန် လမ်းညွှန်

အိုမီခရွန် အသွင်ပြောင်း မျိုးစေ့ကြောင့် ရောဂါကူးစက်သူ များပြားလာသည်နှင့် အမျှ ယခင်က ကာကွယ်ဆေး ထိုးနှံရန် သတ်မှတ်ချက်တွင် မပါရှိသော (၅နှစ်မှ ၁၁နှစ်)အရွယ် ကလေးသူငယ် **ကူးစက်ခံရသူများ**လည်း များပြားလာလျှက်ရှိပြီး **ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရသူနှင့် သေဆုံးသူများလည်း** တိုးပွားလျှက်ရှိပါသည်။
သို့ဖြစ်ပါ၍ **(၅နှစ်မှ ၁၁နှစ်) အရွယ် ကလေးသူငယ်များအတွက် ကိုရိုနာ ၁၉ ကာကွယ်ဆေး ထိုးနှံမှုနှင့် ပတ်သက်ပြီး အောက်ပါအတိုင်း လမ်းညွှန်**အပ်ပါသည်။

■ ကာကွယ်ဆေးထိုးနှံနိုင်သော သတ်မှတ်ချက်

○ ၅နှစ်မှ ၁၁နှစ် အရွယ်ရှိ၊ **ရောဂါအခံရှိပြီး ပြင်းထန်ဝေဒနာ ခံစားနိုင်ရချေများသော ကလေးငယ်များ** – ကိုရိုနာ ၁၉ **ပြင်းထန်စွာ ကူးစက်မှုကို ကာကွယ်နိုင်သောကြောင့် ကာကွယ်ဆေး ထိုးနှံရန် အသေအချာ တိုက်တွန်းအပ်ပါသည်။**

○ **ကျန်းမာသော ကလေးသူငယ်များ – ကာကွယ်ဆေးထိုးနှံရခြင်း၏ အကျိုးကျေးဇူးများ၊** ကိုရိုနာ ကူးစက်ခံရနိုင်ခြင်း၊ ကာကွယ်ဆေးထိုးနှံပြီး ပေါ်ပေါက်လာနိုင်သော **လက္ခဏာနှင့် စပ်ဆက်ဘေးထွက်ဆိုးကျိုးများကို သေချာ စီစစ်စဉ်းစားပြီးမှသာ ကာကွယ်ဆေး ထိုးမထိုးကို ကိုယ်တိုင် ဆုံးဖြတ်ပြီး ထိုးနှံရန် တိုက်တွန်း**အပ်ပါသည်။

※ ကူးစက်ခံရပြီးဖြစ်ပါက ထိုးနှံရန် မသင့်တော်ပါ။ ပထမအကြိမ် ထိုးနှံပြီးမှ ကူးစက်ခံရပြီးလျှင်လည်း ဒုတိယအကြိမ် ထိုးနှံရန် မသင့်တော်ပါ။

■ ကာကွယ်ဆေး အမျိုးအစားနှင့် ထိုးနှံရန် ကာလအပိုင်းအခြား

○ ဖိုင်ဇာ ကလေးသုံး ကာကွယ်ဆေး (လူကြီးသုံး ကာကွယ်ဆေး၏ ၃ပုံ ၁ပုံ ပမာဏရှိသော ကာကွယ်ပေးနိုင်သော သတိပါရှိ)

○ ကလေးများအတွက် ပထမအကြိမ် ထိုးနှံပြီးနောက် ဒုတိယအကြိမ်ကို **၈ပတ် (၅၆ ရက်)** ခွာပြီး ထိုးနှံနိုင်ပါသည်။

* ကုသမှုပိုင်းဆိုင်ရာ လိုအပ်ချက် (သို့) ကိုယ်ရေးကိုယ်တာ အခြေအနေများကြောင့် ဒုတိယအကြိမ်ကို စောလျင်စွာ ထိုးရန် လိုအပ်လာပါက အစားအသောက်နှင့် ဆေးဝါးဘေးကင်းရေး ဝန်ကြီးဌာန သတ်မှတ်ချက်အရ ၃ပတ် (၂၁ ရက်)ခွာပြီး ထိုးနှံနိုင်သည်။

■ ဘိုကင်ယူရန် နည်းလမ်းနှင့် နေ့ရက်

▷ ကြိုတင်ဘိုကင်ယူခြင်းကို ၂၀၂၂ ခုနှစ် မတ်လ ၂၄ ရက် (ကြာသပတေးနေ့)မှ စပြီး ရယူနိုင်သည်။

**1. မှတ်ပုံတင်ထားသည့် နိုင်ငံခြားသား**

① Online ဘိုကင် – အုပ်ထိန်းသူသည် ကိုရိုနာ ၁၉ ကာကွယ်ဆေး ထိုးနှံရန် ဘိုကင်စနစ်အတွက် (https://ncvr.kdca.go.kr) သို့ ဝင်ရောက်ပြီး ကိုယ်စား ဘိုကင်လုပ်ဆောင်နိုင်သည်။

② ဖုန်း ဘိုကင် – အုပ်ထိန်းသူသည် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး ကောစင်တာ (☏1339) နှင့် ဒေသတွင်းရှိ ဌာနဆိုင်ရာများတွင် ကိုယ်စား ဘိုကင်ရယူနိုင်သည်။

③ နေ့တွင်းချင်း ဆေးထိုးနှံခြင်း – သက်ဆိုင်ရာ ဆေးရုံ ပဏာမစာရင်း(ဖုန်းဖြင့်) ပေးသွင်းပြီးနောက် ထိုနေ့တွင် ထိုးနှံနိုင်သည်။

**2. မှတ်ပုံမတင်ထားသည့် နိုင်ငံခြားသား(တရားမဝင်နေထိုင်လျှက်ရှိသော နိုင်ငံခြားသား အပါအဝင်) –** ကျန်းမာရေးစင်တာတွင် ယာယီတိုကင်နံပါတ်ယူကာ ဖုန်းဖြင့် ဘိုကင်ယူခြင်း (သို့) ကာကွယ်ဆေး ထိုးနှံရာ ဆေးဌာန (ဆေးရုံ သို့ ကျန်းမာရေးစင်တာ)သို့ သွားရောက်ကာ ဘိုကင်ရယူနိုင်သည်။

* ယာယီတိုကင်နံပါတ် ရယူရာတွင် ပတ်စပို့၊ နိုင်ငံခြားသားမှတ်ပုံတင်ကတ် စသည့် အိုင်ဒီကတ်ကို ပြရန် တောင်းဆိုမည် မဟုတ်ပါ။

■ ဆေးထိုးရန် နေ့ရက်နှင့် နေရာ

▷ ဆေးထိုးခြင်းကို ၂၀၂၂ခုနှစ် မတ်လ ၃၁ရက်နေ့ (ကြာသပတေးနေ့)မှ စပြီး စတင် ဆောင်ရွက်လျှက်ရှိပါသည်။

○ ကလေးသူငယ် ကာကွယ်ဆေးထိုးနှံနိုင်သော တာဝန်ခံ ဌာနဆိုင်ရာများမှာ ၁၂၀၀ ခန့်ရှိပြီး မတ်လ ၁၄ရက်နေ့ (တနင်္လာနေ့)မှ စတင်ပြီး ကိုရိုနာ ၁၉ ကာကွယ်ဆေးထိုးနှံခြင်းဆိုင်ရာ နူရီဂျိပ် (ncv.kdc.go.kr) တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

※ အထက်ပါ Website – Notice မှ ကြေငြာချက်များ၊ လမ်းညွှန်ချက်များ၊ ပညာပေး အချက်အလက်များနှင့် ကာကွယ်ဆေး ထိုးနှံနိုင်သော သက်ဆိုင်ရာ ဆေးရုံ၊ ဆေးပေးခန်းများကို ဝင်ရောက်ကြည့်ရှု စစ်ဆေးနိုင်သည်။

ကလေးသူငယ်များအတွက် ဘေးကင်းစွာ ကာကွယ်ဆေးထိုးနှံနိုင်ရန်နှင့် ထူးခြားလက္ခဏာ ဖြစ်မဖြစ် စောင့်ကြည့်နိုင်ရန် အုပ်ထိန်းသူ (သို့) တရားဝင်ကိုယ်စားလှယ်နှင့် အတူ လာရောက်ရန် လိုအပ်ပါသည်။ (အုပ်ထိန်းသူ အနေဖြင့် ကလေးနှင့်အတူ လာရောက်ပြီး မိမိ မှန်ကန်ကြောင်း အတည်ပြုပြီးပါက သတ်မှတ်ဌာနရှိ ဆေးမှတ်တမ်း ရေးဖြည့်ရန်လိုအပ်)

※ သတိပြုရန်

- **မိမိ၏ ကိုယ်ရေးအချက်အလက်များမှာ ကာကွယ်ဆေး ထိုးရန် ရည်ရွယ်ချက်ဖြင့်သာ အသုံးပြုသွားမည်ဖြစ်ပြီး၊ တိုင်ကြားခြင်းကင်းလွတ်ခွင့်စနစ်အရ လူဝင်မှုကြီးကြပ်ရေး နိုင်ငံခြားသားရေးရာ ဌာနသို့ တရားမဝင် နေထိုင်နေကြောင်းကို သတင်းပေးမည်မဟုတ်ပါ။**
- အခြား အသေးစိတ် အချက်အလက်များကို Korea Disease Control and Prevention Agency (PDCA) ကိုရိုနာ ၁၉ ကာကွယ်ဆေး ထိုးခြင်းဆိုင်ရာ webpage (https://ncv.kdca.go.kr) တွင် ဝင်ရောက် ကြည့်ရှုနိုင်သည်။